# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၂၂)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၉–၈–၂၀၁၆ ] ( တနင်္လာနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်၏ **မြေယာဥပဒေကို ပြောင်ပြောင်တင်းတင်း ဆန့်ကျင် ဖောက်ဖျက်ပြီး မိမိကိုယ်ကျိုးစီးပွား တစ်ခုတည်း အတွက်သာ ဆောင်ရွက်နေခြင်းများ ရှေ့ဆက်ပြီး မပေါ်ပေါက်စေရေး အတွက် မည်သို့ စီစဉ်ညွှန်ကြားမှုများ ပြုလုပ်ထားကြောင်း သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

( ခ ) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၏ **ပြုပြင်ထိန်းသိမ်းရန် လိုအပ်နေသော ကင်းတားဘက်စုံ ရေလှောင်တမံကြီးအား ဆည် တမံနှင့် ရေလွှဲဆည်၊ ရေသောက်စနစ် ရေရှည်တည်တံ့ခိုင်မြဲရေး တို့အတွက် စီမံကိန်း၊ စီမံချက်များဖြင့် ပြုပြင်ထိန်းသိမ်းရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမြင့်ဝေ၊ ဝွ မဲဆန္ဒနယ်၏ **ဝွမြို့နှင့် မကျီးငူကျေးရွာကြား ချောင်းကို တံတားထိုးပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၏ **တောင်ကုတ်မြို့နယ် အတွင်းရှိ ကိုင်းရှည်ကျေးရွာနှင့် နက်မော် ကျေးရွာတွင် ချောင်းကမ်းပါး ပြိုကျနေမှုများနှင့် ပတ်သက်၍ ကမ်းထိန်းနံရံပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၏ **စစ်ကိုင်းမြို့နယ်၊ တင်းတိပ် ပဒူလမ်း အရှည် (၈ မိုင် ၅ ဖာလုံ) ရှိ လမ်းအား ပြုပြင် ပေးရန်နှင့် ပျက်စီးနေသော ရေကျော်နှင့် Box Culvert များအား တည်ဆောက် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၆။ ဒေါက်တာဦးလှမိုး၊ အောင်မြေသာစံ မဲဆန္ဒနယ်က တင်သွင်းသည့် **"ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ အခန်း ၇ ပုဒ်မ ၂၁ (ဂ)အရ ပြည်ထောင်စုအစိုးရမှ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင် အဖွဲ့ခွဲ ဝင်များအတွက် ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့် စရိတ် တို့အား ရရှိခံစားနိုင်ရန် သတ်မှတ်ထားခြင်းကို ပြန်လည် သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးဘိုဘိုဦး၊ စမ်းချောင်း မဲဆန္ဒနယ်၊

(ခ) ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်၊

(ဂ) ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်၊

(ဃ) ဦးငွေးငွေ၊ မြောင် မဲဆန္ဒနယ်၊

(င) ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်၊

(စ) ဦးမြင့်ဦး၊ မကွေး မဲဆန္ဒနယ်၊

(ဆ) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၊

(ဇ) ဗိုလ်မှူးဇော်ဝင်းနိုင်၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဈ) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၊

(ည) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၊ **(ခွင့်)**

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။